## ꧁ သညာသိ, ဝိညာဏ်သိ, ပညာသိ တို့ထူးခြားချက် ꧂

**သညာသိ**၊ တန်ဖိုးရှိမှန်း မသိ၊ အဆင်း သာမန်သာ သိ၏၊ အနိစ္စ စသည် မသိ။

- ကလေးငယ်၏ အသိနှင့်တူ၏။

**ဝိညာဏ်သိ**၊ တန်ဖိုးရှိမှန်း သိ၏၊ အနိစ္စ စသည် သိ၏၊ မဂ်ဖိုလ်ရအောင် မသိ။

- လူကြီး၏ အသိနှင့်တူ၏။

**ပညာသိ**၊ မည်မျှထိုက်တန်ကြောင်းကို သိ၏၊ အဆင်းနှင့် အနိစ္စ စသည် သိ၏၊ မဂ်ဖိုလ်ရအောင် သိ၏။

- ရွှေပန်းသည်၏ အသိနှင့်တူ၏။
- ဝိပဿနာ အားထုတ်သောအခါ ဖြစ်ပေါ်လာသော အသိထူးခြားမှု ဖြစ်သည်။

## ꧁ ဝိရတိ စေတသိက်များ ꧂

**သမ္မာဝါစာ (၃) မျိုး**

၁။ ကထာသမ္မာဝါစာ = အကြောင်းအကျိုးနှင့်စပ်၍ အပြစ်ကင်းလတ် ကောင်းမြတ်သော စကားသံ။

၂။ စေတနာသမ္မာဝါစာ = ကောင်းသောစကားကို ပြောဆိုကြောင်းဖြစ်သော ဝုဋ္ဌော၊ အဘိညာဏ် မဟာကုသိုလ် မဟာကြိယာနှင့်ယှဉ်သော စေတနာ။

၃။ ဝိရတိသမ္မာဝါစာ = ရှောင်ကြဉ်မှုသဘော (အသက်မွေးမှုနှင့် မဆိုင်)။

**သမ္မာကမ္မန္တ (၃) မျိုး**

၁။ ကိရိယာသမ္မာကမ္မန္တ = အပြစ်မရှိသော ကိစ္စကို ပြုလုပ်နေသူ၏ ကိုယ်အမူအရာ။

၂။ စေတနာသမ္မာကမ္မန္တ = အပြစ်မရှိသော ကိစ္စကို ပြုလုပ်ကြောင်းစေတနာ။

၃။ ဝိရတိသမ္မာကမ္မန္တ = တစ်စုံတစ်ခုသော ကာယဒုစရိုက်ကို ပြုလုပ်ဖို့ ပေါ်လာသောအခါ မပြုဘဲ ရှောင်ကြဉ်မှု (အသက်မွေးမှုနှင့် မဆိုင်)။

**သမ္မာအာဇီဝ (၂) မျိုး**

၁။ ဝီရိယသမ္မာအာဇီဝ = တရားသဖြင့်သာ ရှာဖွေ၍ အသက်မွေးသူတို့၏ သန္တာန်၌ဖြစ်သော သမ္မာဝါယာမ။

၂။ ဝိရတိသမ္မာအာဇီဝ = အသက်မွေးမှုနှင့် ဆက်စပ်သော ကာယဒုစရိုက်၊ ဝစီဒုစရိုက်ကို ရှောင်မှု။

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၁၂/၁၁/၂၀၂၁
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org